**KEY STATEMENTS FOR THE 2022 MEMORIAL DAY CONFERENCE**

**အသက်ပင်ကို စားသုံးခြင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်မစရာအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းသည်**
**အသင်းတော် အသက်တာ၌ ဦးစားပေးအရာ ဖြစ်သင့်သည်။**

**ကမ္ဘာဦး ၂း၉ ရှိ အပင်နှစ်ပင် -**
**အသက်ပင်နှင့် ကောင်းမကောင်း သိကျွမ်းရာအပင် - တို့သည်**
**အလေ့အလာနှစ်ခု - အသက်၏အလေ့အလာနှင့် အမှန်နှင့်အမှား၏ အလေ့အလာ -**
**ကို ကိုယ်စားပြုထားသည်။**

**သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည်**
**သခင်ယေရှုကို ရှေးဦးမေတ္တာဖြင့်၊ အကောင်းဆုံးသောမေတ္တာဖြင့် ချစ်ခြင်းအား ပြန်လည်ရယူခြင်းနှင့်**
**ဘုရားသခင့်ထာဝရစီမံကိန်းပန်းတိုင် ဖြစ်သည့် ယေရုရှလင်မြို့သစ် တည်းဟူသော**
**ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်**
**သခင်ယေရှုကို အသက်ပင်အဖြစ် စားသုံးခြင်းအား ပြန်လည်ရယူခြင်းဖြစ်သည်။**

**အသက်ပင်ဖြစ်သော ခရစ်တော်၏ ပုံတူမူပွားအဖြစ်**
**ခရစ်တော်၌ ယုံကြည်သူများနှင့် ဘုရားသခင်၏သားများဖြစ်ကြသော ကျွန်ုပ်တို့သည်**
**ထာဝရအသက်ရရှိပြီး၊ ထာဝရအသက်ကို တွေ့ကြုံခံစားကြရုံမျှသာမက၊**
**ဤအသက်ကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ အခြားသော အင်္ဂါဝင်များထံသို့**
**အမှုဆောင်ပေးခြင်းလည်း ရှိနိုင်ကြသည်။**

*© 2022 Living Stream Ministry*

## နိဒါန်း-

## ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းလမ်းကို ယူဆောင်ခြင်း

### ညီအစ်ကိုဝစ်နက်စ်လီထံမှ အရေးကြီးသော မိတ်သဟာယဖွဲ့ချက်

**"အသက်ပင်သည် လူထံသို့ အသက်ကို ဝေငှဖြန့်ဖြူးပေးသော၊ လူကို ပျော်ရွှင်စေပြီး ကျေနပ်ခြင်းရှိစေသော ခရစ်တော်ကို ပုံဆောင်သည်"—*Life-study of Genesis,* p. 141.**

**"ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရမည့် တစ်ခုတည်းသောအရာမှာ သခင်ဘုရားကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်"—*The Tree of Life,* p. 23.**

**"၁၉၄၃ ခုနှစ် မေလတွင် ကျွန်ုပ်သည် ပြင်းထန်သော တီဘီရောဂါကူးစက်ခံခဲ့ရသည်။ ကျွန်ုပ်ဖျားနာနေသည့် နှစ်နှစ်နှင့် နှစ်တစ်ဝက်ကာလအတွင်း ကျွန်ုပ်သည် အသက်ပင်ကို မြင်တွေ့ခဲ့သည်။ ထိုနှစ်နှစ်နှင့်နှစ်တစ်ဝက်အတွင်း ကျွန်ုပ်သည် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌လည်းကောင်း၊ ကိုယ်တော်၏အလုပ်၌လည်းကောင်း ကျွန်ုပ်တို့တွင် အသက် ကင်းမဲ့နေကြောင်း မြင်ခဲ့ရသည်။ အမျိုးမျိုးသော ပြဿနာများ၊ မည်သို့သောအရာပင်ဖြစ်စေ၊ ယင်းသည် အသက် ပြတ်လပ်မှု၏ ရလဒ်ပင်ဖြစ်သည်။ ဤအရာကို ကျွန်ုပ်မြင်သောအခါ အလွန်အမင်း နောင်တရခဲ့ပြီး၊ သခင်ဘုရားရှေ့တော်၌ များစွာ ဝန်ချတောင်းပန်ခြင်း၊ အကုန်အစင် နောင်တရခြင်းရှိလျက်၊ ကိုယ်တော်ရှေ့တော်၌ များစွာသော ဆက်ဆံဖြေရှင်းခြင်းများလည်း ရှိခဲ့သည်။ အသက်ပင်အကြောင်း ဝေငှချက်များသည် သန့်ရှင်းသူများစွာတို့ကို ကယ်တင်ခဲ့ပြီး၊ နန်ကင်းမြို့ရှိ ညီအစ်ကို ညီအစ်မများစွာတို့ကို လွတ်မြောက်စေခဲ့လေသည်။ ရှန်ဟိုင်းမြို့၌ရှိသောအသင်းတော်မှ လေးနှစ်လုံးလုံး ဝရုန်းသုန်းကားအခြေအနေကြောင့် သန့်ရှင်းသူများသည် နှစ်များစွာ စိတ်ပျက်အားလျော့ခြင်း၊ ညှိုးငယ်ထိုင်းမှိုင်းခြင်းရှိခဲ့ကြပြီး၊ ဘာကိုမျှ မလုပ်နိုင်အောင် ဖြစ်ခဲ့ကြသည်။ ဤဝေငှချက်များက သူတို့၏ဝိညာဉ်ကို လွတ်မြောက်စေပြီး၊ သူတို့၏စိတ်နှလုံးကို အလင်းပေးခဲ့သည်။ အသက်ပင်အကြောင်း ဝေငှချက်များမှတစ်ဆင့် ရှန်ဟိုင်းမြို့ရှိအသင်းတော်သည် အနာငြိမ်းခြင်းခံရသည့်အတွက် သခင်ဘုရားကို ကျေးဇူးတင်ပါသည်။ အသက်ပင်အကြောင်း ဝေငှချက်များသည် ရှန်ဟိုင်းမြို့ရှိအသင်းတော်၏ နိုးကြားခြင်းအတွက် အခြေခံတိုက်မြစ်ကို ချပေးခဲ့သည်"—*The History and Revelation of the Lord's Recovery,* vol. 1, pp. 130, 133, 135, 138.**

**"အသက်ပင်ကို စားသုံးမွေ့လျော်ခြင်း၊ ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် ခရစ်တော်ကို စားသုံးမွေ့လျော်ခြင်းမှာ အသင်းတော်အသက်တာ၌ အခြေခံကျသော အရာဖြစ်သင့်ပါသည်"—ဗျာ၊၂း၇ မှတ်စု ၆ စာပိုဒ် ၄။**

**"ဆိုးယုတ်သောသူတို့၏ ဆိုးညစ်သော အခြေအနေမှာ သူတို့သည် သခင်ဘုရားကို စားသောက်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် သခင်ဘုရားထံသို့ လာရောက်မှု မရှိခြင်းဖြစ်သည်...။ သူတို့သည် များစွာသောအရာများကို လုပ်ဆောင်ခဲ့ကြသော်လည်း သူတို့သည် သခင်ဘုရားထံ လာရောက်ဆက်သွယ်ခြင်း၊ ကိုယ်တော့်ကို ယူဆောင်ခြင်း၊ ကိုယ်တော့်ကို လက်ခံရရှိခြင်း၊ ကိုယ်တော့်ကို မြည်းစမ်းခြင်းနှင့် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ခြင်း မရှိကြပေ။ ဘုရားသခင်၏အမြင်တွင် ဤအရာထက်ပို၍ ဆိုးညစ်သော အရာမရှိတော့ပေ"—ဟေရှာ၊၅၇း၂၀ မှတ်စု ၁။**

လူအတွက် ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူထံသို့ မိမိကိုယ်တော်တိုင်ကို အသက်ပင်အဖြစ် လူက မွေ့လျော်ဝမ်းမြောက်စေရန် ပေးဖို့ဖြစ်သည်။ "ဘုရားသခင်က ကျွန်ုပ်တို့အား ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်စေရန် အလိုရှိကြောင်း၊ ကိုယ်တော်အတွက် ဘာကိုမျှ လုပ်ဆောင်စေဖို့ အလိုမရှိကြောင်း မြင်ခြင်းမှာ ခရစ်ယာန်အသက်တာသည် မွေ့လျော်ဝမ်းမြောက်ခြင်းအကြောင်းအရာဖြစ်ကြောင်းကို မြင်ခြင်းပင်ဖြစ်သည်။ ဤအချက်နှစ်ချက်ကို မြင်နိုင်ရန် ကျွန်ုပ်တို့၏ ခံယူချက်သည် ပြောင်းလဲမည်ဆိုလျှင် ဘုရားသခင်ကို မွေ့လျော်

**ဝမ်းမြောက်သည့် အသက်တာကို အသက်ရှင်ရန် ကျွန်ုပ်တို့အဖို့ လွယ်ကူလိမ့်မည်ဖြစ်သည်”—*The Vision of the Tree of Life and the Tree of the Knowledge of Good and Evil,* p. 60.**

**“ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်သည့်လမ်းကို ယူဆောင်လိုသည်ဆိုလျှင် ကျွန်ုပ်တို့သည် ခံယူချက်ကို ပြောင်းလဲပစ်ရမည်ဖြစ်သည်။ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ စစ်မှန်ခြင်းအထဲသို့ဝင်ရောက်သွားလိုလျှင် ကျွန်ုပ်တို့သည် ထိန်းချုပ်အုပ်စိုးနေသော ရှုပါရုံကို မြင်ရမည်ဖြစ်သည်။ ကျွန်ုပ်အသက်လေးဆယ်အရွယ်မတိုင်ခင်အထိ သခင်ဘုရားက ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းကို ကျွန်ုပ်ထံ ဖွင့်ပြပေးခဲ့ခြင်း မရှိသေးပါ။ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ကျွန်ုပ်၏အချိန်နှင့် စွမ်းအားအများစုသည် အချည်းနှီးဖြစ်သွားရခြင်းအတွက် ကျွန်ုပ်စိတ်ပျက်အားလျော့ခဲ့ရသည်။ ကျွန်ုပ်၏ဆုတောင်းခြင်းအများစုသည် တန်ဖိုးမရှိခဲ့ပေ၊ သမ္မာကျမ်းစာကို ဖတ်ရန်နှင့် ဝိညာဉ်ရေးရာစာအုပ်များကို ဖတ်ရန် အသုံးပြုခဲ့သည့်အချိန်များသည်လည်း တန်ဖိုးမရှိခဲ့ပေ။ ဤသည်မှာ ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းနည်းလမ်းသည် မှားယွင်းနေသည့်အခါ၊ ဝိညာဉ်ရေးရာဆည်းပူးမှု နည်းလမ်းသည်လည်း မှားယွင်းနေသည့်အရာ ဖြစ်နေသည့်အရာကို ကျွန်ုပ်သိနားလည်လာခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်သည် မှားယွင်းသောလမ်းကို ယူဆောင်ခြင်းဖြင့် ဆုံးရှုံးမှုကြီးမားခဲ့ရသောကြောင့်၊ အခြားသူများသည်လည်း တူညီသောအမှားမျိုးကို ထပ်လုပ်မိစေဖို့ ကျွန်ုပ်အလိုမရှိပါ။ အခြားသူများသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းလမ်းအား ယူဆောင်နိုင်မည့်အကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ သန့်ရှင်းသူများသည် မှားယွင်းသောလမ်းကို ဘယ်တော့မှ မယူဆောင်ကြရန် ကျွန်ုပ်အနူးအညွတ်ပန်ကြားလိုပါသည်။ ကျွန်ုပ်တို့၏ ယခင်က ရှာဖွေဆည်းပူးခြင်းနည်းလမ်းကို ပြန်၍ ဆင်ခြင်သင့်ပါသည်။ ကျွန်ုပ်တို့၌ ထိရောက်စွာ ခံယူချက်ပြောင်းလဲမှု ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ထိန်းချုပ်အုပ်စိုးနေသော ရှုပါရုံရှိရန် လိုအပ်သည်”—*The Vision of the Tree of Life and the Tree of the Knowledge of Good and Evil,* p. 51.**

*© 2022 Living Stream Ministry*

**Outline of the Messages**
**for the Memorial Day Conference**
**May 27-30, 2022**

**GENERAL SUBJECT:**
**ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းလမ်းကို ယူဆောင်ခြင်း**

Message One

**ဘုရားသခင်၏ထာဝရစီမံကိန်း ပြီးမြောက်ခြင်းအတွက်**
**ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းလမ်းကို ယူဆောင်ခြင်း**

ဖတ်ရန်ကျမ်း။ ။ က၊၂း၇-၉။ ဗျာ၊၂း၇။ ၂၂း၁၄။ ယော၊၁း၄။ ၁၄း၆က။ ၁၀း၁၀ခ။ ၆း၃၅၊ ၅၇၊ ၆၃

**I. ကမ္ဘာဦး ၂ တွင် လူရှေ့၌ ရွေးချယ်မှုနှစ်ခု - အသက်ပင်နှင့် ကောင်းမကောင်း သိကျွမ်းရာအပင် - ရှိကြောင်း ကျွန်ုပ်တို့မြင်ရသည် - အငယ်၊၇-၉။**

A. အပင်နှစ်ပင်သည် ဤစကြဝဠာ၌ လူသည် မိမိ၏လွတ်လပ်သောအလိုဆန္ဒဖြင့် ရွေးချယ်စရာ အလိုဆန္ဒနှစ်ခု၊ အရင်းအမြစ်နှစ်ခုနှင့် ဖြစ်နိုင်ချေနှစ်ခု ရှိနေကြောင်း ပြသနေသည် - ညွှန်း၊ တရား၊၃၀း၁၉-၂၀။

B. အသက်ပင်သည် သုံးပါးတစ်ပါးဘုရား၏ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော်သည် လူထံသို့ အစားအစာပုံစံ၌ အသက်အဖြစ်ရှိနေပြီး၊ လူသည် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်၍၊ ကိုယ်တော်၏ဘုန်းတော်၊ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ကိုယ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ကာ၊ ထိုသို့ဖြင့် ကိုယ်တော်၏ထာဝရစီမံကိန်းအတိုင်း ဘုရားသခင်၏ နဂိုမူလရည်ရွယ်ချက်ကို ပြီးမြောက်စေရန်အတွက်ဖြစ်ကြောင်း ရည်ညွှန်းသည် - က၊၁း၂၆။ ဟေရှာ၊၄၃း၇။ က၊၂း၉။ ဗျာ၊၂း၇။ ၂၂း၁၄။ ယော၊၁း၄။ ၁၄း၆က။ ၁၀း၁၀ခ။ ၆း၃၅၊ ၅၇၊ ၆၃။ ဗျာ၊၂၁း၁၀-၁၁။ ညွှန်း၊ ၄း၃။

1. အသက်ပင်၊ ဘုရားသခင်၏အပင်၊ ဘုရားသခင်-အပင်သည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်သည်။
2. ဓမ္မဟောင်းကျမ်းသည် အသက်ပင်ဖြင့် အစပြုထားပြီး (က၊၂း၉)၊ ဓမ္မသစ်ကျမ်းသည် အသက်ပင်ဖြင့် အဆုံးသတ်ထားသည် (ဗျာ၊၂၂း၂၊ ၁၄)။ သို့ဖြစ်၍ ဘုရားသခင်သည် လူ၏အသက်ဖြစ်ခြင်းဟူသော စဉ်းစားချက်မှာ ဘုရားဆိုင်ရာဖွင့်ပြခြင်းတစ်လျှောက်လုံး သွားနေသည်။
3. ဘုရားသခင်သည် လူကို အသက်ပင်ရှေ့တွင် ထားရှိခြင်းမှာ ဘုရားသခင်သည် လူက အသက်ဆိုင်ရာ စားသုံးခြင်းအားဖြင့်လည်းကောင်း၊ ဇီဝဆိုင်ရာတစ်သားတည်းကျေညက်သွားခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်ကို သူ၏အသက်အဖြစ် ရရှိစေရန် အလိုတော်ရှိသည်၊ သို့မှသာ ဘုရားသခင်သည် လူ၏ဖြစ်ခြင်းကို စေ့စပ်ထုံးဖွဲ့ထားမှု ဖြစ်လာနိုင်မည်ဖြစ်သည် - ယော၊၆း၅၇၊ ၆၃။ ယေ၊၁၅း၁၆။ မ၊၄း၄။

C. ကောင်းမကောင်းသိကျွမ်းရာအပင်သည် လူထံသို့ သေခြင်း၏အရင်းအမြစ်ဖြစ်သည့် စာတန်ကို ပုံဆောင်သည် - ဟေဗြဲ၊၂း၁၄။

1. ၎င်းသည် ဘုရားသခင်မပါသောအရာခပ်သိမ်း၊ ဘုရားသခင်ကိုယ်တော်တိုင်မဟုတ်သော အရာမှန်သမျှ၊ ကောင်းသောအရာများနှင့် ကျမ်းစာဆိုင်ရာအရာများ၊ ဘာသာတရားဆိုင်ရာအရာများအပါအဝင် အားလုံးသည် လိမ္မာပါးနပ်သူစာတန်အားဖြင့် မတရားအသုံးချကာ လူထံသို့ သေခြင်းကို ယူဆောင်လာနိုင်ကြောင်း ပုံဆောင်ခြင်းဖြစ်သည် - ယော၊၅း၃၉-၄၀။ ၂ကော၊၃း၆ခ။
2. ကောင်းခြင်းနှင့် မကောင်းခြင်းကို အပင်နှစ်ပင်အားဖြင့် မဖော်ပြဘဲ၊ အပင်တစ်ပင်တည်းအားဖြင့်၊ ဒုတိယအပင်အားဖြင့် ဖော်ပြထားသည်။ ထို့ကြောင့် ဘုရားသခင်ထက် အခြားကောင်းသောအရာကို စာတန်နှင့်သာ သက်ဆိုင်သည်။
3. စစ်မှန်သော ကောင်းခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ကို ရရှိခြင်းမှာ စစ်မှန်သော ကောင်းခြင်းကို ရရှိခြင်းနှင့် ညီမျှသည် - မ၊၁၉း၁၇က။ မာ၊၁၀း၁၇-၁၈။ ဆာ၊၁၆း၂။

D. အသက်ပင်သည် လူအား ဘုရားသခင်အပေါ် မှီခိုရန် ဖြစ်စေသည် (ယော၊၁၅း၅)၊ သို့သော် သိကျွမ်းရာအပင်သည် လူအား ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်းနှင့် ကိုယ်တော်ထံမှ အမှီအခိုကင်းခြင်းကို ဖြစ်စေသည် (ညွှန်း၊ က၊၃း၅)။

1. စားသုံးခြင်းမှာ မှီခိုမှုကို ရည်ညွှန်းသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အစာဖြစ်ခြင်း၊ အသက်ပင်အားဖြင့် ပုံဆောင်ထားခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် စဉ်ဆက်မပြတ် မှီခိုနေရမည်ဖြစ်ကြောင်း ဆိုလိုသည်။
2. သိကျွမ်းရာအပင်သည် မှီခိုမှုကင့်မဲ့ခြင်းကို ရည်ညွှန်းသည်။ ဘုရားသခင်၏အမြင်၌ လူ၏ပထမဆုံးသောအပြစ်နှင့် အကြီးမားဆုံးသောအပြစ်မှာ မှီခိုမှုကင်းခြင်း ဖြစ်သည်။

E. အပင်နှစ်ပင်သည် လမ်းကြောင်းနှစ်ခု၊ လမ်းနှစ်လမ်း - အသက်၏လမ်းနှင့် သေခြင်း၏လမ်း - ကို ထွက်ပေါ်စေပြီး၊ သမ္မာကျမ်းစာတစ်လျှောက်လုံး သွားနေကာ၊ ဗျာဒိတ်ကျမ်းတွင် အဆုံးသတ်ထားသည်။

1. သေခြင်းသည် သိကျွမ်းရာအပင်နှင့်အတူ အစပြုခဲ့ပြီး (က၊၂း၁၇)၊ ငရဲမီးအိုင်နှင့်အတူ အဆုံးသတ်သည် (ဗျာ၊၂၀း၁၀၊ ၁၄)။
2. အသက်သည် အသက်ပင်နှင့်အတူ အစပြုပြီး၊ အသက်ရေမြို့တော်ဖြစ်သည့် ယေရုရှလင်မြို့သစ်နှင့်အတူ အဆုံးသတ်သည် - ၂၂း၁-၂။

## II. ကျွန်ုပ်တို့သည် အသက်၏လမ်းအပေါ်၊ အသက်လမ်းကြောင်းအပေါ် နေရမည်၊ ကျွန်ုပ်တို့အသက်၌ ကြီးထွားခြင်းအားဖြင့် အသက်၌ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အသက်ပင်ဖြစ်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် အသက်၏စောင့်ထိန်းမှု၌ ရှိနေရမည်ဖြစ်သည် - ယော၊၁၀း၁၀ခ။ ဗျာ၊၂၂း၁-၂။ ၄း၁၆။ ၂၂း၁-၂၂။ ကော၊၂း၁၉။

A. ကျွန်ုပ်တို့သည် အမှန်နှင့်အမှား၏အလေ့အလာအတိုင်း မဟုတ်ဘဲ၊ အသက်၏အလေ့အလာအတိုင်း အသက်ရှင်ခြင်း၊ အစေခံခြင်းအားဖြင့် အသက်၏လမ်းပေါ်မှာ ရှိနေကြသည်။

1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဝိညာဉ်ရှိ အသက်၏အတွင်းပိုင်း အာရုံခံစားမှု၊ အသက်၏ဦးဆောင်မှုအတိုင်း အသက်ရှင်ကာ ပြုမူရမည်ဖြစ်ပြီး၊ အမှန်နှင့် အမှားအတိုင်း မဖြစ်ရပေ - ရော၊၈း၆။ ၂ကော၊၂း၁၃။
2. ခရစ်ယာန်အသက်ရှင်ခြင်းအတွက် စံနှုန်းမှာ ကျွန်ုပ်တို့အတွင်း ကိန်းဝပ်နေသော ခရစ်တော်၏ မျက်မှောက်တော်ဖြစ်သည်။ မေးခွန်းမှာ တစ်စုံတစ်ရာသည် မှန်သလော မှားသလော ဟူသောအရာမဟုတ်ဘဲ၊ ကျွန်ုပ်တို့အတွင်းမှ ဘုရားဆိုင်ရာအသက်သည် တစ်စုံတစ်ရာကို သဘောတူခြင်း ရှိမရှိဟူသောအရာဖြစ်သည် - မ၊၁၇း၃၊ ၅၊ ၈။ ညွှန်း၊ မာလ၊ ၂း၁၅-၁၆။

B. ကျွန်ုပ်တို့သည် သခင်ဘုရားကို အဆုံးစွန်အထိ ချစ်ခြင်းအားဖြင့်၊ ကိုယ်တော်နောက်တော်သို့ ပြေးလိုက်ရန် အခြားသူများကို ဆွဲခေါ်ခြင်းဖြင့် အသက်၏လမ်းပေါ်မှာ ရှိကြနေကြသည် - မာ၊၁၂း၃၀။ သီ၊၁း၄က။

1. ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် ကိုယ်တော်အား "သခင်ယေရှု၊ ကိုယ်တော်ကို ချစ်ပါသည်"ဟု တစ်ချိန်လုံး ပြောရမည်ဖြစ်သည်။ သခင်ယေရှုထံသို့ တောက်လောင်လျက်ရှိသော ချစ်ခြင်းရှိမည်ဆိုလျှင်၊ အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာပေးမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်ခြင်းရှိသမျှကို မွေ့လျော်ဝမ်းမြောက်ရကြလိမ့်မည်ဖြစ်သည် - ဗျာ၊၂း၄-၅၊ ၇။
2. ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် လူများကို ကိုယ်တော်ထံသို့ စေ့စပ်ပေးရမည်၊ သခင်ယေရှု၏အဖိုးထိုက်တန်လှသောပုဂ္ဂိုလ်တော်ကို စစ်မှန်စွာ လေးစားတန်ဖိုးထားခြင်း၊ ချစ်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ခေါ်ဆောင်ပေးရမည်ဖြစ်သည် - ၂ကော၊၁၁း၂-၃။

C. ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ခြင်း၊ နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်း၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် အခြားသူများအထဲသို့ ဝိညာဉ်တော်အဖြစ် နှုတ်ကပတ်တော်ကို အမှုဆောင်ခြင်းတို့မှတစ်ဆင့် ယေရှုကို စားသုံးခြင်းဖြင့် အသက်၏လမ်းပေါ်မှာ ရှိနေကြသည် - ယော၊၆း၅၇၊ ၆၃။ ယေ၊၁၅း၁၆။ ဆာ၊ ၁၁၉း၁၅။ မ၊၄း၄။ ၂၄း၄၅။ ၁ကော၊၂း၄-၅၊ ၁၃။

1. ကျွန်ုပ်တို့သည် နံနက်စောစောအချိန်တွင် တစ်နေ့တာ၏ အသစ်သော အစပြုခြင်းရှိရန် နှုတ်ကပတ်တော်၌ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရမည်၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို များစွာ ဆင်ခြင်ခြင်း၊ ဂရုတစိုက် ဆင်ခြင်ခြင်းဖြင့် လက်ခံရယူရမည်ဖြစ်သည် - ဆာ၊၁၁၉း၁၅၊ ၁၄၇-၁၄၈။ ညွှန်း၊ ဝတ်၊၁၁း၃။
2. ကျွန်ုပ်တို့သည် လူအမျိုးမျိုးအားလုံးထံသို့ နေ့စဉ်တိုင်း အချိန်အခါသင့်သည်ဖြစ်စေ အချိန်အခါမသင့်သည်ဖြစ်စေ ဟောပြောရမည် (တ၊၅း၄၃။ ၈း၄။ ၂တိ၊၄း၂)၊ မည်သည့်အစည်းအဝေးမှာမဆို ဟောပြောဝေငှခြင်း အလေ့အကျင့်ကို တည်ဆောက်ရန် အပြင်းအထန် အားထုတ်ကြိုးစားရမည်ဖြစ်သည် (၁ကော၊၁၄း၂၆၊ ၄-၅၊ ၁၂၊ ၃၁)။

D. ကျွန်ုပ်တို့သည် အသက်၏ဝိညာဉ်တော်တရားအဖြစ် သုံးပါးတစ်ပါးဘုရားကို ဘုရားဆိုင်ရာ စွမ်းဆောင်ရည်နှင့်အတူ မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် အသက်၏လမ်းပေါ်မှာ ရှိနေကြသည် - ရော၊၈း၂။ ယေ၊၃၂း၃၉။
1. ဧဒင်ဥယျာဉ်၌ အပင်နှစ်ပင်နှင့်အတူ အသက်၊ ကောင်းခြင်းနှင့် မကောင်းခြင်းတို့ကို တွေ့ရသည်။ ကျွန်ုပ်တို့သည် ဧဒင်ဥယျာဉ်၏ပုံစံငယ်ဖြစ်ကြကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်၏ဝိညာဉ်တော်တရား၊ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ မှီခိုကင်းလွတ်လပ်သော အသိဉာဏ်၌ ကောင်းသောတရားနှင့် ကျွန်ုပ်တို့၏အသွေးအသား၌ မကောင်းသောတရားတို့ ရှိနေသည် - ရော၊၇း၂၃။ ၈း၂၊ ၁၆။
2. ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း လျှောက်လှမ်းခြင်းနှင့် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ်ထားရှိခြင်းအားဖြင့် အသက်၏ဝိညာဉ်တော်တရားကို "ခလုတ်ဖွင့်"ရမည်၊ ယင်းမှာ အသက်ဖြစ်သော သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့၏ သုံးပိုင်းရှိသော ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးခြင်းအတွက် ဖြစ်သည် - အငယ်၊၂၊ ၄၊ ၆၊ ၁၀-၁၁။

E. ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းအသက်ပင် ဖြစ်သော ရွှေမီးခုံတိုင်ဖြင့် ပုံဆောင်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်၏ စစ်မှန်ခြင်း၌၊ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ခြင်းအားဖြင့် အသက်၏လမ်းပေါ်မှာ ရှိနေကြသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် အသက်၏မြို့တော်ဖြစ်သော ယေရုရှလင်မြို့သစ်အဖြစ် ဘုရားသခင်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ဘုန်းတော်ကို ဆောင်နိုင်ကြမည်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ထွ၊၂၅း၃၁-၄၀။ ဗျာ၊၁း၁၁-၁၂။ ၂၁း၁၀-၁၁။

**III. အောင်မြင်သောသူများဖြစ်ရန် ကျွန်ုပ်တို့အဖို့ တုနှိုင်းရာမဲ့နည်းလမ်းမှာ ခရစ်တော်ကို အသက်ပင်အဖြစ် စားသုံးခြင်း၊ မွေ့လျော်ခြင်းအားဖြင့် ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် အသက်၌ ပုံသဏ္ဌာန်ပြောင်းလဲ၍၊ ခရစ်တော်၏အောင်နိုင်ခြင်းကို ပြသထင်ရှားခြင်းအတွက် သားယောက်ျားဖြစ်ခြင်းနှင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကျေနပ်နှစ်သိမ့်ခြင်းအလို့ငှာ သတို့သမီးဖြစ်လာခြင်း ရှိနိုင်ကြမည်ဖြစ်သည် - ၂း၇၊ ၁၇။ ၃း၂၀-၂၁။ ၁၂း၅-၁၂။ ၁၉း၇-၉။ ၂၂း၂၊ ၁၄။**

*© 2022 Living Stream Ministry*